1946 - 2006 UNITE FOR CHILDREN

unicef

သတင်းထုတ်ပြန်ချက်

# ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေကောင်းလာသည်နှင့်အမျှ မြန်မာ့ကလေးသူငယ်ထောင်ပေါင်းများစွာကို အသက်ကယ်နိုင်ပါလိမ့်မည်

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ (၂၇) ရက်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံတွင်မိသားစုတိုင်းသည် အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်မှု (၄) ရပ်ကို ကျင့်သုံးခြင်းဖြင့် ကလေးသူငယ်တို့၏ကျန်းမာရေးကို သိသာစွာကောင်းမွန်စေနိုင်သည်ဟု (၉) ကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ်ဖွင့်ပွဲတွင် ယူနီဆက်မှတိုက်တွန်းနှိုးဆော်လိုက်သည်။

မြန်မာ့ကလေးများသေဆုံးရခြင်းတွင် ဝမ်းပျက်ဝမ်းလျှောသည် ထိပ်သီးအကြောင်းရင်းဖြစ်ပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအားနည်းခြင်းသည် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ကလေးသူငယ်များ အသက်ဆုံးရှုံးရခြင်းတို့နှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။

သန့်ရှင်းသည့်ယင်လုံအိမ်သာများကိုသုံးပြီး ရေကောင်းရေသန့်နှင့် သန့်ရှင်းသည့်အစားအစာတို့ကို စားသုံး၍ လက်များကို မှန်မှန်ဆေးကြောသည့်ကလေးသူငယ်များသည် ကျန်းမာသန်စွမ်းသည့်ကလေးသူငယ်ဘဝကိုခံစားရပြီး ရောဂါများကိုခုခံနိုင်စွမ်းရှိသည်ဟု ယူနီဆက်ဌာနေကိုယ်စားလှယ်မစ္စကယ်ရော်လောင်းမှပြောကြားသွားပါသည်။

သန့်ရှင်းသည့်အိမ်သာ၊ သန့်ရှင်းသည့်ရေ၊ သန့်ရှင်းသည့်အစာနှင့် သန့်ရှင်းသည့်လက် စသည့်သန့်လေးသန့်ကို မြန်မာမိသားစုတိုင်းကျင့်သုံးမည်ဆိုပါက အသက်ပေါင်းမြောက်များစွာကို ကယ်နိုင်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသွားပါသည်။

စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် မိသားစုများတွင် သန့်ရှင်းသည့်ယင်လုံအိမ်သာများကို ယူနီဆက်နှင့် လုပ်ဖော်ကိုင်ဘက်များမှ ကူညီဆောက်ပေးနေပြီး အသုံးပြုသည့်ပစ္စည်းများမှာ ဒေသထွက်ပစ္စည်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလွှမ်းခြုံမှု၌ အောင်မြင်မှုများရရှိနေသော်လည်း ဝေးလံခက်ခဲသည့်ဒေသအများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ အားနည်းနေပါသေးသည်။ ထို့ကြောင့် ၎င်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ယူနီဆက်သည် စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ဝန်ဆောင်မှုနည်းနေသည့် ရပ်ရွာလူထုများအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

*****************

ကလေးသူငယ်များသည် ရှင်သန်ရေးနှင့် ကျန်းမာရေးအခွင့်အရေးများကို ခံစားခွင့်ရှိကြောင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင် အတည့်အလင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ထိုသဘောတူစာချုပ်ကို ၁၉၉၁တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

*****************


**ဆက်လက်သိလိုပါက**

**ဂျေဆင်ရပ်(ရှ်)** Jason Rush <jrush@unicef.org> **(သို့မဟုတ်) ဦးဖေတင်သိန်း** <pthein@unicef.org>

ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာန၊ ယူနီဆက် မြန်မာကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။



United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435

Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar